# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# သတ္တမနေ့အစီအစဉ်

# [ ၃၀– ၈ – ၂၀၁၁]

# (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဟန်စိန်၊ တိုက်ကြီး မဲဆန္ဒနယ်၏ **ပုဂံရထားကို တိုက်ကြီးဘူတာတွင် ရပ်နားပေးရန် နှင့် ရန်ကုန်–လက်ပံတန်း ရထားခရီးစဉ်များ ပြန်လည် ပြေးဆွဲပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုးပိုင်၊ ဝန်းသို မဲဆန္ဒနယ်၏ **ဝန်းသိုမြို့နယ် နမ်းခမ်းဘူတာနှင့် ဘုံချောင်းဘူတာကြား မီးရထားလမ်းအပိုင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးတင်လှိုင်၊ ကလေး မဲဆန္ဒနယ်၏ **မုံရွာ–ယာကြီး–ကလေးဝ လမ်းပိုင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးကျော်သန်း၊ ဗန်းမောက် မဲဆန္ဒနယ်၏ **ဗန်းမောက်–အင်းတော် လမ်းပိုင်းရှိ တံတားနှင့်လမ်းများ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **မန္တလေး–တကောင်း–ကသာ–ဗန်းမော် လမ်းမကြီး** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးဝင်းသိန်း၊ ပင်လည်ဘူး မဲဆန္ဒနယ်၏ **ပင်လည်ဘူး–ကောလင်း ဆက်သွယ်သည့်လမ်းတံတားများ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးညဏ်ဝင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ် အတွင်း ကွန်ကရစ်ခင်းလမ်းများ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးကျော်ညွန့်၊ ကျွန်းလှ မဲဆန္ဒနယ်၏ **ပေပင်ချောင် အခြေခံပညာ အထက်တန်းကျောင်းခွဲ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးကျော်ညွန့်၊ ကျွန်းလှ မဲဆန္ဒနယ်၏ **လိပ်ဆင်းတောင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးကျော်ညွန့်၊ ကျွန်းလှ မဲဆန္ဒနယ်၏ **သစ်ရာမြိုင်ရပ်ကွက် အခြေခံ ပညာအလယ်တန်းကျောင်းမြေ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၆။ ဦးသိန်းညွန့်၊ သဃင်းကျွန်း မဲဆန္ဒနယ်၏ **“ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ် စီမံမှုအက်ဥပဒေ(အက်ဥပဒေ အမှတ် ၁၇/၁၉၅၀)ကို ရုပ်သိမ်း ပေးပါရန်”** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးသန်းဦး၊ မြဝတီ မဲဆန္ဒနယ်။

(ခ) ဦးအောင်ကျော်စိုး၊ နတ်မောက် မဲဆန္ဒနယ်။

(ဂ) ဦးစိုးပိုင်၊ ဝန်းသို မဲဆန္ဒနယ်။

(ဃ) ဦးဇောင်းခေါင်၊ ဆော့လော် မဲဆန္ဒနယ်။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၈။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ဦးစိုးသာ၊ တွံတေး မဲဆန္ဒနယ်၏ **"အမေရိကန်ဒေါ်လာနှင့် မြန်မာငွေ လဲလှယ်မှုနှုန်းကျဆင်းမှုကြောင့် ကြုံတွေ့နေရသော စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးပါရန်"** အဆို တင်သွင်းခြင်း။

၁၀။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၁။ ဦးမောင်မောင်သိမ်း၊ ခရမ်း မဲဆန္ဒနယ်၏ **"ငွေတိုက်စာချုပ် ဝယ်ယူစုဆောင်း ငွေအပေါ်မှ ရရှိသည့် အတိုးအပေါ်ဝင်ငွေခွန် ကင်းလွတ်ခွင့်ရရှိရေး"** အဆို တင်သွင်းခြင်း။

၁၂။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၃။ ဦးလှမြင့်ဦး၊ ပျဉ်းမနား မဲဆန္ဒနယ်၏ **"နိုင်ငံ့ဝန်ထမ်းများအား ရွေးချယ်ခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေးများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး"** အဆို တင်သွင်းခြင်း။

၁၄။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၅။ ဦးဌေးဦး၊ ဟသ်ာတ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် က **"၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း နှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၆။ **"၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်း"** ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၇။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

## (သို့မဟုတ်)

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။